(၁၃) အတွင်း/အပြင် မီးကြိုးများသွယ်တန်းရန် ရေ၊မီး၊ဆေး(အစုံ)

(၁၄) ခန်းမမှ ဆက်သွယ်ထားသော လျှောက်လမ်းနှင့် အိမ်သာရှေ့လျှောက်လမ်းကို (၁') ပတ်လည် Non Slip ကြွေပြားကပ်ရန်

(၁၅) အိမ်သာရှေ့လျှောက်လမ်းကို ရတုအလင်္ကာမှ ထွက်သောလျှောက်လမ်းနှင့် တပြေးညီ (၆') အကျယ် ကွန်ကရစ်လမ်းခင်း၍ (၉')အမြင့်ရှိသော လျှောက်လမ်းအမိုး ပြုလုပ်ရန်

(၁၆) အိမ်သာတွင်ကြမ်းခင်းနှင့်နံရံကို (၆')အမြင့် ကြွေပြားကပ်ရန်

(၁၇) ဆောက်လုပ်ရေးမှတ်တမ်းကြေးပြားဆိုင်းဘုတ်တပ်ဆင်ရန်

**အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များ**

၁။ အိတ်ဖွင့်တင်ဒါလျှောက်လွှာကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် **( ၆-၁၁ -၂၀၂၀ )ရက်** နေ့တွင် စတင်ရောင်းချပါမည်။

၂။ တင်ဒါပုံစံ (၁)စောင်လျှင် ကျပ် (၁၀၀၀၀ိ/-) (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ဝယ်ယူတင်သွင်းရန်။

၃။ အိတ်ဖွင့်တင်ဒါငွေတန်ဘိုးကို ( ကျပ် --------- သိန်း)ဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံတွင် သက်ဆိုင်ရာကုမ္ပဏီ၏ ဥက္ကဋ္ဌ (သို့) အုပ်ချုပ်မှုဒါရိုက်တာ (သို့) ကန်ထရိုက်တာမှ လက်မှတ်ရေးထိုးပေးပို့ရမည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာနှင့်အတူ တင်သွင်းမည့် BQ Drawing တို့အား ပေးပို့ရမည်။

၆။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးလက်ခံမည့်နေ့ရက်၊အချိန် **(၂၀၂၀)ခုနှစ်၊ (ဒီဇင်ဘာလ)(၄)ရက်၊ နေ့လည်(၂)နာရီ** ထက်နောက်ကျရောက်ရှိလာသော တင်ဒါများကိုအဖွဲ့မှ လုံးဝစဉ်းစားမည်မဟုတ်ပါ။

၇။ **ဈေးနှုန်းအဆိုပြုလွှာတင်ပြခြင်း။**

(က) အဆိုပြုတင်ပြသည့် တင်ဒါတွက်ချက်မှုကို တင်ဒါတင်သွင်းသူမှ လုံးဝ တာဝန်ယူရမည်။ (မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသူ၌သာတာဝန်ရှိသည်။)

(ခ) လုပ်ငန်းတန်ဘိုးတွက်ချက်ရာတွင် With-holding Tax ၂% ပေးဆောင်ရမည်။ အဆိုပါ ၂% အား သီးခြားတွက်ချက်တင်ပြခြင်းမပြုရ ။

(ဂ) ပြည်ထောင်စုစာရင်းစစ်ရုံးမှ စစ်ဆေးတွေ့ရှိချက်အရ ပြန်လည်ပေးသွင်းငွေရှိလျှင် ကုမ္ပဏီမှ အပြည့်အဝ တာဝန်ယူပေးသွင်းရပါမည်။

၈။ **အိတ်ဖွင့်တင်ဒါအာမခံငွေပေးသွင်းခြင်း**

(က) အိတ်ဖွင့်တင်ဒါသွင်းသူသည်အိတ်ဖွင့်တင်ဒါအာမခံစပေါ်ငွေအားလုပ်ငန်းတန်ဘိုး၏၁% ၁၀၆၀၀၀ဝိ/- (ကျပ်တစ်ဆယ်သိန်းခြောက်သောင်းတိတိ)ကို အင်းစိန်၊ မြန်မာ့စီးပွားရေးဘဏ်သို့ (PO)ပြုလုပ်ပြီး ပေးသွင်းရမည်။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက် စိစစ်ရွေးချယ်ဆောင်ရွက်ပြီးပါက အာမခံစပေါ်ငွေ(PO) လက်ခံဖြတ်ပိုင်းတင်ပြနိုင်ပါက (၇)ရက်အတွင်း ပြန်လည်ထုတ်ပေးမည်။